# The Little Way Sister of St. Therese (L.W.S.T.)

## History

In 1995 Hakha diocese has 25 parishes and only 12 have convents; so more than half are without Sisters. The girls in 13 parishes are deprived of boarding houses for their education. As the diocese plans to open up another 20 parishes within 10 years, the Religious Sisters would be in great demand for 33 parishes. The Sisters of Franciscan Missionaries of Mary(FMM), the Sisters of St. Joseph of the Apparition, the Franciscan Sisters of St. Aloysius Gonzaga: the above three Congregations would never be able to establish more then three convents in three parishes within 10 years. Therefore Bishop Nicholas Mang Thang urgently needs a local community of Semi-Comtemplative Religious Sisters who would be missionaries themselves and pray for missionaries worldwide, in particular for priests and priestly vocations, and for the evangelization of world as their charism through Eucharistic adoration. The proposed name "The Little Way Sisters of St. Theresse" is to honour " The Little Way Association", which is the greatest benefactor of our diocese of Hakha. Finally Miss Mary Doohan, the founder of The Little Way Association and Bishop Nicholas Mang Thang has Agreed to become co-founders of this new local religious community.

The congregation is named "the Little Way Sisters of St. Therese" because the Little Way Association members live a Theresian way in accordance with the spirituality of St. Therese of Lisieux.

Name of Founder: Archbishop Nicholas Mang Thang

Co-founder : Miss Mary Doohan ( The Little Way Association- London)

## Vision Statement

A Semi-contemplative Religious Community as Missionary Sisters, live a life of childlike confidence in God, in the footsteps of the life and Spirituality of St. Therese of the Child Jesus.

## Mission Statement

The Religious Association of the Little Way Sister of St. Therese(L.W.S.T.) is Commited to:-

a. Daily Eucharistic Adoration

b. Pray for all Missionaries

c. Pray for all Priests in the whole World

d. Pray for Priestly Vocation

e. Promote Education and Social Development for Womanhood

## Motto

"Do little things with great Love"

## Charism

"Living a life of childlike confidence in God like St. Therese of the Child Jesus"

(2)Number of Members :

(a)Number of Members : (Professed) - 202

(b)Number of Convents : - 42

| | | |
|---|---|---|
| 1. | Kalay Diocese | 17 Communities |
| 2. | Hakha Diocese | 17 Communities |
| 3. | Mandalay Archdiocese | 4 Communities |
| 4. | Banmaw Diocese | 2 Communities |
| 5. | Yangon Archdiocese | 1 Community |
| 6. | Cubao Diocese, Philippines | 1 Community |

(3)No. of Formation Center:

Address: The Little Way Sisters of St.Therese.
Thazin (4), Yadanabon Road.
Kalaymyo, Sagaing Region.
Myanmar.

(a)Number of Novices : 18

(b)Postulants : 7

(c)Aspirants : 11

(d)Spiritual Year : 8

**Address** : The Little Way Sisters of St. Therese.
Thazin (4) ,Shinsawpu Road.
Kalaymyo, Sagaing Region.
Myanmar.
Email : vanthreeangles@gmail.com, littlewaysisters@gmail.com
Ph : 0095-263442960, 0095-763740260

## စိန့်ထရေဇာအားလမ်းစဉ်သွယ် သီလရှင်ဂိုဏ်း

## သမိုင်း

၁၉၉၅တွင် ဟားခါးသာသနာ၌ စီရင်စုပေါင်း (၂၅) ခုရှိပြီး စီရင်စု (၁၂) ခုတွင်သာသီလရှင်ကျောင်းများရှိပါသည်။သို့ဖြစ်၍စီရင်စုပေါင်းထက်ဝက်ကျော် တွင် သီလရှင်များမရှိသေးပေ။ ကျန်စီရင်စု (၁၃)ခုရှိ အမျိုးသမီးငယ်များ၏ပညာ ရေးအတွက်လည်း ဘော်ဒါဆောင်များ မရှိသေးပေ။ထို့အပြင် နောင်လာမည့်(၁၀) နှစ်အတွင်း စီရင်စုအသစ် (၂၀)ခု ထပ်မံဖွင့်လှစ်မည့် စီမံ ကိန်းရှိသောကြောင့် စီရင်စုပေါင်း (၃၃)ခုတွင် သီလရှင်များထားရန် အရေးတကြီး လိုအပ်လာမည်ဖြစ် သည်။

ဟားခါးသာသနာတွင်သာသနာ ပြုနေကြသော ပွန်တီဖီကယ်ရိုက် **(Pontifical Right)** သာသနာပြု သီလရှင်အသင်းများဖြစ်သော မယ်တော်မာရီယား၏ သာသနာပြု ဖရန်စစ္စကင် သီလရှင် **(The Sisters of Franciscan Missionaries of Mary )**၊ ရှုပါရုံမြင်သော စိန့်ဂျိုးဇက်ဂိုဏ်းဝင်သီလရှင် **(The Sisters of St.Joseph of the Apparition)**၊ စိန့်အလွိုက်ရှက်၏ ဖရန်စစ္စကင်သီလရှင် **(The Franciscan Sisters of St.Aloysius Gonzaga)** ဂိုဏ်းများသည်လည်း လာမည့်(၁၀)နှစ်အတွင်း စီရင်စု(၃)ခု ၌ သီလရှင်ကျောင်း (၃)ကျောင်းထက်ပို၍ ဖွင့်လှစ်နိုင်ကြမည့်အခြေအနေမရှိပေ။ ထို့ကြောင့် သာသနာပိုင်ဆရာတော်ကြီး နီကောလားစ် မာန်ထန်းသည် ဒေသခံသီ လရှင်အသင်း ဂိုဏ်းတစ်ခုတည်ထောင်ထားရှိရန် အထူးစိုင်းပြင်းကြိုးစားနေခဲ့ခြင်း ဖြစ်သည်။ ထိုအသင်းဝင်သီလရှင်များသည် ဆိတ်ငြိမ်အေးချမ်းစွာ တရားထိုင်ဆု တောင်းရှုံ့သာမက ကိုယ်တိုင်လက်တွေ့ ကွင်းဆင်း သာသနာပြုကြရမည် ဖြစ် သည်။ ထို့အပြင် တစ်ကမ္ဘာလုံးရှိ သာသနာပြုများအတွက်သော်လည်းကောင်း၊ အထူးသဖြင့် ရဟန်းဘုန်းတော်ကြီးများအတွက်နှင့် ရဟန်းဘောင်သို့ ခေါ်တော် မူခြင်း အများအပြား ရရှိနိုင်ရန်အတွက်သော်လည်းကောင်း၊ တစ်ကမ္ဘာလုံး၌ ဧဝံဂေလိသတင်းကောင်း ပြန့်ပွားနိုင်ရန်အတွက် သော်လည်းကောင်း အထူးကိုယ်တော်မြတ်ဖူး၍ဆုတောင်းကြရမည်ဖြစသည်။ထိုသီလရှင်အသင်းဂိုဏ်းသစ်ကို **"စိန့်ထရေဇာအားလမ်းစဉ်သွယ် သီလရှင်အသင်း" (The Little Way Sisters of St. Theresa) ဟု** မည့်ခေါ်ရန်ရည်ရွယ်ထားပါသည်။ လန်ဒန်အခြေစိုက် လမ်းစဉ်သွယ်အသင်းကို ဟားခါးသာသနာ၏ ထိပ်တန်းကျေးဇူးရှင်ကြီးအဖြစ် မှန်တမ်းတင် ဂုဏ်ပြုသောအားဖြင့် ထိုသို့ မှည့်ခေါ်မည်ဖြစ်သည်။ မစ္စမေရီဒူဟန်းနှင့် ဆရာတော်ကြီးနီကောလားစ် မာန်ထန်း တို့သည် အတူတွေ့ဆုံညှိနှိုင်း ကြပြီးနောက် ဟားခါးသာသနာတွင်း၌ သီလရှင်အသင်းသစ် တစ်ခုကို ပူးတွဲ တည်ထောင်ရန် သဘောတူခဲ့ကြသည်။

သီလရှင်အသင်းသစ်ကို **“စိန်ထရေဇာလမ်းစဉ်သွယ် သီလရှင်အသင်း”** ဟု မှည့်ခေါ်ရသည့် အခြားအကြောင်းရင်းတစ်ခုမှာ ထိုသီလရှင်များသည် လီဆူး မြို့သူ စိန်ထရေဇာလေး၏ ဝိညာဉ်ရေးကျင့်စဉ်များကို အခြေပြု စံထားကြရမည် ဖြစ်သောကြောင့် ဖြစ်သည်။

အသင်းဂိုဏ်းတည်ထောင်သည့်နေ့ – ၁ ၊ ၆ ၊ ၁၉၉၇

အသင်းဂိုဏ်းတည်ထောင်သူ – ဂိုဏ်းချုပ်ဆရာတော်ကြီး နီကောလားစ် မာန်ထန်း

ပူးတွဲတည်ထောင်သူ – မစ္စမေရီဒူဟန်း (လမ်းစဉ်သွယ်အသင်း–လန်ဒန်)

## အသင်းဂိုဏ်း၏အဓိက ဦးတည်ရည်ရွယ်ချက်

၁။ စိတ်ငြိမ်အေးချမ်းစွာ တရားထိုင်ဆုတောင်းသည့်အပြင် ကိုယ်တိုင်လက်တွေ့ ကွင်းဆင်း၍သာသနာပြုရန်၊

၂။ စိန်ထရေဇာလေး ကျင့်ခဲ့သည့်တိုင်း ကလေးငယ်ကဲ့သို့ ဘုရားရှင်အပေါ် မိမိကိုယ်ကို အကြွင်းမဲ့ပုံအပ် ယုံကြည်သောစိတ်ဖြင့် တရားကျင့်အသက်ရှင်ရန်၊

## အသင်းဂိုဏ်း၏ သာသနာပြုလုပ်ငန်း

၁။ ကိုယ်တော်မြတ်ဖူးခြင်းကို အခြေခံသည့် တရားဘာဝနာစီးဖြန်းခြင်း၊

၂။ သာသနာပြုများအတွက် ဆုတောင်းပေးခြင်း၊

၃။ တစ်ကမ္ဘာလုံးရှိ ဘုန်းတော်ကြီးများ အတွက် ဆုတောင်းခြင်း၊

၄။ ဘုန်းတော်ကြီးဘဝသို့ ခေါ်တော်မူခြင်းရရှိရေး အတွက် ဆုတောင်းပေးခြင်း၊

၅။ အမျိုးသမီးဖွံ့ဖြိုးရေး ၊ ပညာရေး နှင့် ဘဝမြှင့်တင်ရေးလုပ်ငန်းများ ဦးဆောင်ကူညီလုပ်ဆောင်ခြင်း၊

ဆောင်ပုဒ်

“ သေးငယ်သော အရာများကို ကြီးမားသောချစ်ခြင်းမေတ္တာဖြင့် လုပ်ဆောင်ခြင်း”

ကျင့်စဉ်

“စိန်ထရေဇာလေး ကျင့်ခဲ့သည့်အတိုင်း ကလေးငယ်ကဲ့သို့ ဘုရားရှင်အပေါ်မိမိကိုယ်ကို အကြွင်းမဲ့ပုံအပ်ယုံကြည်သော စိတ်ဖြင့်တရားကျင့် အသက်ရှင် နေထိုင်ရမည်။”

လိပ်စာ– စိန်ထရေဇာလမ်းစဉ်သွယ် သီလရှင်ကျောင်း

သဇင်(၄)၊ ရှင်စောပုလမ်း ၊

ကလေးမြို့၊စစ်ကိုင်းတိုင်းဒေသကြီး။

အသင်းဝင်များ

(က) အသင်းသားဦးရေ –၂၀၂ ပါး

(ခ) သီလရှင်ကျောင်းပေါင်း –၄၂ ကျောင်း

<u>သင်တန်းကျောင်း</u>

လိပ်စာ– စိန်ထရေဇားလမ်းစဉ်သွယ် သီလရှင်ကျောင်း

သဇင်(၄)၊ရတနာပုံလမ်း ကလေးမြို့၊စစ်ကိုင်းတိုင်းဒေသကြီး။

(က) သီလရှင်လောင်းဦးရေ –၁၈ ပါး

(ခ) ဝင်လိုသူဦးရေ –၇ ယောက်

(ဂ) လေ့လာသူဦးရေ –၁၆ယောက်

(ဃ) ဝိညာဉ်ရေးအထူးပြင်ဆင်သူဦးရေ –၈ပါး

လိပ်စာ– စိန်ထရေဇားလမ်းစဉ်သွယ် သီလရှင်ကျောင်း

သဇင်(၄)၊ ရှင်စောပုလမ်း၊ကလေးမြို့၊စစ်ကိုင်းတိုင်းဒေသကြီး။